၃၀ ကြိမ်မြောက် တနင်္ဂနွေ -အောက်တိုဘာ ၂၉ ၂၀၂၃

ရှင်မဿဲ ၂၂း၃၄-၄၀

ဒီကနေ့ ဖတ်ရှုရတဲ့ကျမ်းချက်တွေရဲ့အနှစ်ချုပ်ကတော့ ကျမ်းစာထဲမှာ အဓိကအကြောင်းအရာဖြစ်တဲ့ အကြီးဆုံးသော ပညတ်တော်အကြောင်းဘဲဖြစ်ပါတယ်။ ဘုရားရဲ့ချစ်ခြင်းကို ပြန်လည်တုံ့ပြန်ခြင်း နဲ့ ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့ရဲ့အပြုအမူနဲ့ နီးစပ်တဲ့သူကိုချစ်ခြင်းဖြင့် နီးစပ်တဲ့လူတွေမှာ ကိန်းအောင်းနေတဲ့ ဘုရားရဲ့မေတ္တာကို ပြန်လည်တုံ့ပြန်ခြင်းဘဲ ဖြစ်ပါတယ်။ ဘုရားအတွက်ကျွန်ုပ်တို့ရဲ့ချစ်ခြင်းဟာ ကျွန်ုပ်တို့နဲ့နီးစပ်တဲ့လူတွေကို ချစ်ခြင်းအပေါ်မှာ စမ်းသပ်ခြင်းခံရပါတယ်။

ပထမကျမ်းဖြစ်တဲ့ ထွက်မြောက်ရာကျမ်းမှာ ဒုတိယအကြီးဆုံးပညတ်တော်ဖြစ်တဲ့ မိမိနဲ့နီးစပ်သောသူကိုမိမိကိုယ်ကိုချစ်ခြင်းကဲ့သို့ ချစ်ရမယ်၊ အထူးသဖြင့် အခွင့်အရေးဆုံးရှုံးသူများကိုချစ်ရမယ် ဆိုတာကိုပြောထားပါတယ်။ ရွေးကောက်ခံထားရတဲ့လူမျိုးတော်ဟာ တချိန်တခါက အီဂျစ်ပြည်မှာနေခဲ့ရတာကို သတိရစေပါတယ်။ ဘုရားက သူတို့ကို ကာကွယ်စောင့်ရှောက်ပြီး ကောင်းမွန်စွာ သူတို့ကိုပြုခဲ့သလို သူတို့ကလဲ သူတပါးကို ကြင်နာသနားခြင်းနဲ့ ပြုမူဆက်ဆံရမယ်ဆိုတဲ့အကြောင်း ပြောထားပါတယ်။ သူတို့နဲ့ နီးစပ်တဲ့လူတွေဆီမှာ ပုန်းကွယ်နေတဲ့ဘုရားကိုချစ်ခြင်း အပေါ်မှာ အခြေခံတဲ့ လူသားဆန်တဲ့လူ့အဖွဲ့အစည်း ဖြစ်လာရမှာ ဖြစ်ပါတယ်။

ဒုတိယကျမ်းမှာကျတော့ သံပေါလူးဟာ သက်သာလောနိတ်မြို့သားတို့ကို ခရစ်တော်မိန့်မှာတော်မူသည့်အတိုင်း သူတို့ရဲ့ တယောက်နဲ့တယောက် ချစ်ခြင်း၊ မေတ္တာထားကြခြင်းကို ချီးမွမ်းပြောဆိုခဲ့ပါတယ်။ သူတို့ရဲ့တဦးကိုတဦးချစ်ခြင်းနဲ့ သံပေါလူးကိုလဲချစ်ခြင်း၊ သူ့ရဲ့ဟောကြားချက်ကို နာခံခြင်းအားဖြင့်ပြန်လည်တုံ့ပြန်ခြင်းကြောင့်တို့ဟာ သူတို့ရဲ့အကြောင်းကို ကြားရသူတိုင်းတို့ရဲ့ယုံကြည်ခြင်းကို တွန်းအားပေး နိုင်မာစေပါတယ် ဆိုတဲ့အကြောင်း ပြောခဲ့ပါတယ်။

ဓမ္မဟောင်းကျမ်းမှာတော့ ဘုရားကိုချစ်ရမဲ့ချစ်ခြင်းနဲ့ လူတွေကိုချစ်ရမဲ့ချစ်ခြင်းနှစ်ခုကို တွဲထားပြီး၊ တခုတည်းသောချစ်ခြင်းအဖြစ် ခရစ်ယာန်တို့ရဲ့ဘဝမှာ အရေးကြီးကြောင်းကို ဖော်ပြပါတယ်။ ခရစ်တော်ဘုရားဟာ တရားတခုဖြစ်တဲ့ မိမိကိုယ်ကိုချစ်သကဲ့သို့ နီးစပ်တဲ့သူကိုချစ်ရမယ်ဆိုတဲ့အကြောင်း အထူးပြုပြောထားခဲ့ပါတယ်။ ဘုရားရဲ့သားသမီးဖြစ်လို့ ကျွန်ုပ်တို့အားလုံးဟာ ဘုရားရဲ့ရွှေပုံသဏ္ဌာန်တော်ကို ပိုင်ဆိုင်ထားကြလို့ ပြီးတော့ ဘုရားရဲ့ပုံသဏ္ဌာန်တော်ကို ဂုဏ်ပြုခြင်းဟာ ဘုရားကိုယ်တော်တိုင်ကို ဂုဏ်ပြုခြင်းဖြစ်ကြောင်း သင်ကြားထားပါတယ်။ နီးစပ်တဲ့သူကိုချစ်ခြင်းဆိုတာ ကျွန်ုပ်တို့ရဲ့ခံစားမှုကနေ ဖြစ်ပေါ်လာတာမျိုးမဟုတ်ရဘဲ အပြုအမူ လုပ်ဆောင်ချက်များဖြင့်ပေါ်လွင်ရမှာ ဖြစ်ပါတယ်။ ဘုရားကကျွန်ုပ်တို့ကိုချစ်သလို ကျွန်ုပ်တို့လဲဘဲ တပါးသူဆီက ဘာမှမမျှော်လင့်တဲ့ချစ်ခြင်းမျိုးနဲ့ နီးစပ်တဲ့သူကိုချစ်ရမယ် ဆိုတဲ့အကြောင်း သင်ကြားပါတယ်။

ဘုရားသခင်ကို ကျွန်ုပ်တို့ချစ်ရပါမည်။

ဘုရားကိုစိတ်နှလုံး၊ စိတ်ဝိညာဉ်၊ ခွန်အားရှိသရွေ့ ချစ်ခြင်းအားဖြင့် ကျွန်ုပ်တို့အတွက်ထားရှိတဲ့ သူ့ရဲ့မေတ္တာတော်ကို ပြန်လည်တုံ့ပြန်ခြင်း ဆိုတာက ဘုရားရဲ့အလိုဆန္ဒကို ကျွန်ုပ်တို့ရဲ့အလိုဆန္ဒရှေ့မှာ ဦးစားပေးထားရှိခြင်း၊ အရာရာတိုင်းမှာ ဘုရားရဲ့အလိုတော်ကိုသိအောင် ရှာဖွေခြင်း၊ ကျွန်ုပ်တို့၏အသက်တာမှာ ဘုရားရဲ့အလိုတော်ကို အမြင့်ဆုံးမှာထားရှိခြင်း ဖြစ်ရပါမယ်။ ဘုရားကိုချစ်မြတ်နိုးပါတယ်ဆိုတာကို ဖော်ပြဘို့ သူ့ရဲ့ကျေးဇူးတော်များအတွက် ကျေးဇူးတော်ကိုဆပ်တင်ဘို့အတွက်၊ ကိုယ်တော်၌လုံးလုံးလျားလျားမှီခိုအားထားရပါတယ် ဆိုတာကို ဖော်ပြဘို့အတွက် နည်းလမ်းများစွာရှိပါတယ်။ ဘုရားရဲ့ပညတ်တော်များကို လိုက်နာရပါမယ်။ နေ့စဉ်နှင်အမျှ ဘုရားရဲ့ဂုဏ်တော်ကိုချီးမွမ်းခြင်း၊ ကျေးဇူးဆပ်တင်ခြင်း၊

လိုအပ်ရာကျေးဇူးတောင်းခံခြင်းကို ပြုလုပ်ရမှာဖြစ်ပါတယ်။
ဘုရားရဲ့နှုတ်ကပတ်တော်ဖြစ်တဲ့ သမ္မာကျမ်းစာကိုဖတ်ကြားနာယူပြီး ထောက်ရှုပြီး ကိုယ်တော်ရဲ့ဗိတ်ခေါ်ခြင်းကို လက်ခံရမှာဖြစ်ပါတယ်။

ကျွန်ုပ်တို့နဲ့နီးစပ်တဲ့သူတွေကိုလဲ ချစ်ကြရမှာဖြစ်ပါတယ်။

လူတိုင်းကိုချစ်ခင်ဘို့အတွက် ဘုရားအလိုရှိပါတယ်။ မိမိနဲ့နီးစပ်တဲ့လူတွေမှာ ဘုရားကိုမြင်တွေ့နိုင်ဘို့လဲလိုအပ်ပါတယ်။ လူတိုင်းလူတိုင်းဟာ ဘုရားရဲ့သားသမီးတွေဖြစ်တဲ့အတွက်၊ သန့်ရှင်းသောဝိညာဉ်တော်ရဲ့ ဗိမာန်တော်တွေဖြစ်ကြတဲ့အတွက်၊ ထိုသူတို့ကိုချစ်ခြင်းအားဖြင့် ဘုရားကိုချစ်ကြောင်း သက်သေပြကြရပါတယ်။ ခရစ်တော်ဘုရားဟာ ထိုသူများကိုလဲ ချစ်ခင်လို့ဘဲဖြစ်ပါတယ်။ ဘါကိုဆိုသလဲဆိုရင်–လူတိုင်းလူတိုင်းကိုကူညီရမယ်။ ထောက်ပံ့ရမယ်၊ အားပေးရမယ်၊ အပြစ်အခွင့်လွှတ်ရမယ်။ ဆုတောင်းပေးရမယ်။ ဒီလိုလုပ်ဆောင်တဲ့နေရာမှာ လူမျိုးမတူခြင်း၊ အသွေအရောင်ခွဲခြားခြင်း၊ ကျားမခွဲခြားခြင်း၊ ဥစ္စာနေပိုင်ဆိုင်ခြင်းအပေါ် မူတည်ခြင်း၊ တဦးတယောက်စီအပေါ် အဆင့်အတန်းခွဲခြင်း အစရှိတဲ့ဒီအကြောင်းအချက်တွေအပေါ် ခွဲခြားခြင်းလုံးဝမရှိဘဲ ဖြစ်ရမှာဖြစ်ပါတယ်။ တဦးကိုတဦးအပြစ်အခွင့်လွှတ်ခြင်းဆိုတာလဲ မရှိမဖြစ်လိုအပ်တဲ့အရာဖြစ်ပါတယ်။ စိတ်ထဲမှာ မည့်သည့်အမှားအယွင်းကိုမျှ ထိန်ချန်ထားခြင်း ချည်နှောင်ထားခြင်းမရှိဘဲ ဖြစ်ရပါလိမ့်မည်။ မှန်ကန်တဲ့စိတ်နေစိတ်ထားနဲ့ ပြုမူလျှင် ဆူပူကြိမ်းမောင်းတာတောင်မှာ ချစ်ခြင်းရဲ့အပြုအမူဖြစ်နိုင်ပါတယ်။ သူတပါးအကောင်းဘက်မှာတိုးတက်အောင် အားပေးခြင်း ကူညီခြင်းဟာ ကျွန်ုပ်တို့ရဲ့ချစ်ခြင်းကို ဖော်ပြခြင်းဖြစ်ပါတယ်။ သူတပါးရဲ့ကောင်းကျိုးကို ဦးစားပေးခြင်း၊ ဘာမှသူတပါးဆီမှာ မျှော်လင့်ချက်မထားခြင်းဆိုတဲ့ အာဂါပေချစ်ခြင်း၊ ဘုရားပေးတဲ့ကျေးဇူးတော်တွေနဲ့ သူတပါးရဲ့လိုအပ်ချက်ကို ဝိုင်းဝန်းဖြည့်စည်းပေးခြင်း၊ တဦးကိုတဦးနှစ်သိမ့်မှုပေးခြင်း၊ တဦးကိုတဦးသင်ကြားပေးခြင်း၊ ဧဝံဂေလိတရားတော်ကို နှုတ်အားဖြင့် အကျင့်အားဖြင့် ဝေငှခြင်း၊ ဒါတွေဟာ နီးစပ်သောသူကိုချစ်ခြင်း ကို

ဖော်ပြခြင်းဘဲဖြစ်ပါတယ်။ သက်ကြီးရွယ်အိုများကို ကူညီစောင့်ရှောက်ခြင်း၊ နာဖျားသူများကို ကြည့်ရှုစောင့်ရှောက်ခြင်း၊ ရန်ဖြစ်သူများကိုရန်ငြိမ်းစေခြင်း၊ စိတ်နှလုံးကြေကွဲသူများကို နားထောင်ပေးခြင်း၊ ဒီအရာများကို လုပ်ဆောင်ရမှာဖြစ်ပါတယ်။ နှိမ့်ချတဲ့သူကိုချစ်ခြင်းဆိုတာ ဆာလောင်သူများကို ကျွေးမွေးခြင်း၊ နေစရာမရှိသူများကို နေစရာရရှိစေခြင်း၊ ဆင်းရဲသူများရဲ့အခြေခံအကျဆုံးလိုအပ်ချက်များကို ဖြည့်စွမ်းပေးခြင်း၊ အလုပ်လက်မဲ့ဖြစ်သူများကို ကူညီပေးခြင်း၊ လူငယ်လူရွယ်များကို ပညာပေးခြင်း၊ သက်ကြီးရွယ်အိုများကို ကြည့်ရှုစောင့်ရှောက်ပေးခြင်း–ဒီအရာများကို ပြုလုပ်ရမှာဖြစ်ပါတယ်။

ချစ်ခြင်းမေတ္တာသည် နှိမ့်ချသောသူကို မည်သည့်အမှားအယွင်းမှမပြုပါ။ ထို့ကြောင့်ချစ်ခြင်းမေတ္တာသည် တရားဥပဒေ၏ပြည့်စုံခြင်းဖြစ်၏။ (ဘုရားစကား – ၂၁၉၆)